# မြန်မာနိုင်ငံ EITI သစ်တောကဏ္ဍအစီရင်ခံစာများ (၂၀၁၄-၂၀၁၅ နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်) နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွန့်ပေါင်းအဖွဲ့ မှ သတင်းထုတ်ပြန်ကြေညာချက်

ဇူလိုင်လ (၁၁) ရက်၊ ၂၀၁၉ ခုနှစ်
ရန်ကုန်မြို့

## မြန်မာနိုင်ငံ နှင့် EITI

သဘာဝသယံဇာတအရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative - EITI) သည် သဘာဝသယံဇာတများ ပေါကြွယ်ဝသော်လည်း တန်ဘိုးကွင်းဆက်တစ်လျှောက် စီမံအုပ်ချုပ်မှု နှင့် ကြီးကြပ်စစ်ဆေးနိုင်မှု အားနည်းခြင်းကြောင့်ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲလက္ခဏာများဖြစ်သောဖွံ့ဖြိုးမှု နောက်ကျခြင်း၊ ပဋိပက္ခများဖြစ်ပွားခြင်းနှင့် ဆင်းရဲနွမ်းပါးမှုများကို တိုက်ဖျက်ရန်အတွက် နိုင်ငံတကာအသိုင်းအဝိုင်း၏ ထိရောက်ထင်ရှားသော တုံ့ပြန်ချက် ဖြစ်ပါသည်။ ၎င်း၏တာဝန်သည် သဘာဝသယံဇာတ တူးဖော်ထုတ်လုပ်ရေးမှရရှိသော အခွန်အခများရရှိမှုနှင့် အသုံးပြုမှုတို့တွင် ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို တိုးမြှင့်စေရန်ဖြစ်သည်။

၂၀၁၄ ခုနှစ် ဇူလိုင်လ (၂) ရက်နေ့ မက္ကဆီကိုနိုင်ငံတွင် ကျင်းပခဲ့သော (၂၇) ကြိမ်မြောက် နိုင်ငံတကာ EITI ဘုတ်အဖွဲ့အစည်းအဝေးတွင် မြန်မာနိုင်ငံအား (၄၅) နိုင်ငံမြောက် EITI အဖွဲ့ဝင်လောင်းနိုင်ငံ (Candidate Country) အဖြစ် အတည်ပြု လက်ခံခဲ့ပါသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံတွင် EITI လုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ရန်အတွက် EITI စံနှုန်းများနှင့်အညီ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့ (Myanmar EITI – Multi-Stakeholder Group) ကို ဖွဲ့စည်းပြီး EITI လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

တွင်းထွက်သယံဇာတအရင်းအမြစ်များ ပိုမိုကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်စေရန်နှင့် တွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်းများမှရရှိသော အခွန်ဘဏ္ဍာငွေနှင့်လုပ်ငန်းများအား ပွင့်လင်းမြင်သာစွာ အများပြည်သူထံသို့ အသိပေးနိုင်ရန် မြန်မာနိုင်ငံ တွင်းထွက်သယံဇာတ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး (Myanmar EITI) ၏ ရေနံနှင့်သဘာဝဓါတ်ငွေ့၊ ကျောက်မျက်ကျောက်စိမ်းနှင့် သတ္တုကဏ္ဍတို့ပါဝင်သော ပထမအကြိမ်အစီရင်ခံစာ (၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်) နှင့် သယ်ယူပို့ဆောင်ရေးကုမ္ပဏီများအပါအဝင် ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ကျောက်မျက်ကျောက်စိမ်း၊ သတ္တု နှင့် ပုလဲကဏ္ဍတို့ပါဝင်သော ဒုတိယ၊ တတိယ နှင့် စတုတ္ထအကြိမ် MEITI အစီရင်ခံစာတို့ကို

ထွက်ရှိထားပြီး ပထမနှင့် ဒုတိယအကြိမ် သစ်တောကဏ္ဍအစီရင်ခံစာများကိုလည်း ၂၀၁၉ ခုနှစ် ဇန်နဝါရီလတွင် ထွက်ရှိခဲ့ပြီး ဖြစ်ပါသည်။

**မြန်မာနိုင်ငံ EITI သစ်တောအစီရင်ခံစာ**

လွတ်လပ်သောစာရင်းတိုက်ဆိုင်စစ်ဆေးရေးအဖွဲ့ (Moore Stephens) သည် EITI စံနှုန်းအရ ဆက်နွယ်မှုရှိသည့် အစိုးရဌာနများဖြစ်သည့် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းအခွန်များ ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနများမှ ကိန်းဂဏန်းအချက်အလက်များနှင့် ကုမ္ပဏီများမှ ထုတ်ပြန်သော ကိန်းဂဏန်းအချက်အလက်များကို တိုက်ဆိုင်စစ်ဆေးခဲ့ပါသည်။ EITI အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော နိုင်ငံများတွင် မြန်မာနိုင်ငံသည် သစ်တောကဏ္ဍကို အစီရင်ခံစာတွင် ထည့်သွင်းသည့် ဒုတိယမြောက်နိုင်ငံဖြစ်ပါသည်။

**မြန်မာနိုင်ငံ EITI ၏ ပထမအကြိမ် နှင့် ဒုတိယအကြိမ် သစ်တောအစီရင်ခံစာ နယ်ပယ်လွှမ်းခြုံမှု**

**(Scope of 1st & 2nd MEITI Forestry Reports)**

၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် အခွန်ကျပ်ငွေသန်း ၁၀၀ နှင့် အထက်ပေးဆောင်သော ကုမ္ပဏီများ နှင့် သစ်ထုတ်လုပ်မှုတန်ချိန် ၁၀,၀၀၀ အထက်အဆင့်ရှိ ကုမ္ပဏီ (၁၉) ခုနှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေး နှစ်တွင် အခွန်ကျပ် သန်း ၁၀၀ နှင့်အထက်ပေးဆောင်သော ကုမ္ပဏီများနှင့် သစ်ထုတ်လုပ်မှုတန်ချိန် ၁၀,၀၀၀ အထက်အဆင့်ရှိ ကုမ္ပဏီ (၁၆) ခုတို့ကို စာရင်းတိုက်ဆိုင်စစ်ဆေးရာတွင် ထည့်သွင်းခဲ့ပါသည်။

**သစ်တောအစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များ**

၁။ သစ်တောကဏ္ဍမှ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေသန်းပေါင်း ၆၉၈,၈၃၄ နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေသန်းပေါင်း ၇၁၄,၆၆၃ ရရှိပြီး ယင်းသည် မြန်မာနိုင်ငံ စုစုပေါင်း ဂျီဒီပီ၏ ၀.၂ % အား ကိုယ်စားပြုကြောင်း တွေ့ရပါသည်။

၂။ စာရင်းတိုက်ဆိုင်စစ်ဆေးရာတွင်ပါဝင်သော၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့သစ်လုပ်ငန်း၏ ဝင်ငွေစီးဆင်းမှုမှာ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ဝင်ငွေခွန်အဖြစ် မြန်မာကျပ်ငွေသန်းပေါင်း ၄၇,၉၄၅၊ နိုင်ငံတော်ထည့်ဝင်မှုအဖြစ် မြန်မာကျပ်ငွေသန်းပေါင်း ၃၈,၃၅၆ နှင့် မြန်မာ့စီးပွားရေးဘဏ်တွင် ထားရှိသော မြန်မာ့သစ်လုပ်ငန်း၏ အခြားစာရင်းရှင် (Other Accounts) သို့ မြန်မာကျပ်ငွေသန်းပေါင်း ၄၀၈,၄၀၁ ဖြစ်သည်ကိုတွေ့ရပါသည်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့သစ်လုပ်ငန်း၏ ဝင်ငွေ စီးဆင်းမှုမှာ ပြည်တွင်းအခွန်ဦးစီးဌာနသို့ ဝင်ငွေခွန်အဖြစ် မြန်မာကျပ်ငွေသန်းပေါင်း ၁၁၂,၅၂၀၊ နိုင်ငံတော်ထည့်ဝင်မှုအဖြစ် မြန်မာကျပ်ငွေသန်းပေါင်း ၉၀,၀၁၅ နှင့် မြန်မာ့စီးပွားရေးဘဏ်တွင် ထားရှိသော မြန်မာ့သစ်လုပ်ငန်း၏ အခြားစာရင်းရှင် (Other Accounts) သို့ မြန်မာကျပ်ငွေသန်းပေါင်း ၄၀၇,၁၅၃ ဖြစ်ပါသည်။

၃။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျွန်းသစ်ထုတ်လုပ်ရာ၌ မြန်မာ့သစ်လုပ်ငန်းမှ ၅၄% ထုတ်လုပ်ပြီး ကန်ထရိုက်တာကုမ္ပဏီများမှ ၄၆% ထုတ်လုပ်ခဲ့ပြီး သစ်မာထုတ်လုပ်ရာ၌ မြန်မာ့သစ်လုပ်ငန်းမှ ၃၀ % ထုတ်လုပ်ပြီး ကန်ထရိုက်တာကုမ္ပဏီများမှ ၇၀% ထုတ်လုပ်ခဲ့သည်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် တွင် မြန်မာ့သစ်လုပ်ငန်းမှ ၃၄% ထုတ်လုပ်ပြီး ကန်ထရိုက်တာကုမ္ပဏီများမှ ၆၆% ထုတ်လုပ်ခဲ့ပြီး သစ်မာထုတ်လုပ်ရာ၌ မြန်မာ့သစ် လုပ်ငန်းမှ ၃၁% ထုတ်လုပ်ပြီး ကန်ထရိုက်တာကုမ္ပဏီများမှ ၆၉% ထုတ်လုပ်ခဲ့သည်။

၄။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကျွန်းထုတ်လုပ်မှုလျာထားချက်မှာ ၅၈,၂၅၀ တန်ဖြစ်ပြီး အမှန်ထုတ်လုပ်မှုမှာ ၄၄,၃၆၀ တန် (၇၆%) ဖြစ်သည်။ သစ်မာအနေဖြင့် နှစ်အတွင်း ထုတ်လုပ်မှု လျာထားချက်မှာ ၆၇၈,၀၀၀ တန်ဖြစ်ပြီး အမှန်ထုတ်လုပ်မှုမှာ ၆၂၇,၆၅၂ တန် (၉၃% ခန့်) ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကျွန်းထုတ်လုပ်မှုလျာထားချက်မှာ ၅၃,၀၀၀ တန်ဖြစ်ပြီး အမှန်ထုတ်လုပ်မှုမှာ ၆၀,၀၅၁ တန် (၁၁၃%) ဖြစ်သည်။ သစ်မာအနေဖြင့် နှစ်အတွင်း ထုတ်လုပ်မှု လျာထားချက်မှာ ၆၅၃,၁၅၀ တန်ဖြစ်ပြီး အမှန်ထုတ်လုပ်မှုမှာ ၆၁၉,၇၄၂ တန် (၉၅%) ဖြစ်သည်။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ကျွန်းအနေဖြင့် ထုတ်လုပ်မှုလျာထားချက်ထက်ပိုပြီး ကျန်ထုတ်လုပ်မှု များမှာ နှစ်စဉ်ထုတ်လုပ်မှုလျာထားချက် အတွင်းသာ ဖြစ်ပါ သည်။

၅။ မြန်မာနိုင်ငံ EITI သစ်တောအစီရင်ခံစာအချက်အလက်များအရ တစ်နိုင်ငံလုံးကျွန်းသစ် ထုတ်လုပ်မှု၏ ၄၆% နှင့် သစ်မာထုတ်လုပ်မှု၏ ၆၆% ကို စစ်ကိုင်းတိုင်းမှထွက်ရှိပြီး ဒုတိယထုတ်လုပ်မှု အမြင့်ဆုံးအနေဖြင့် ရှမ်းပြည်နယ်မှ ကျွန်းသစ်ထုတ်လုပ်မှု ၂၇% နှင့် သစ်မာထုတ်လုပ်မှု၏ ၆% ထွက်ရှိပါသည်။

**သစ်တောအစီရင်ခံစာ၏ အကြံပြုတိုက်တွန်းချက်များ**

မြန်မာနိုင်ငံ EITI သစ်တောအစီရင်ခံစာနှစ်ခုတွင် အကြံပြုတိုက်တွန်းချက်ပေါင်း (၁၁) ချက်ရှိပြီး သစ်တောကဏ္ဍမှ ဝင်ငွေရရှိမှုကို စီမံအုပ်ချုပ်မှုအတွက် (၃) ချက်၊ သစ်တောစီမံအုပ်ချုပ်မှုအတွက် (၃) ချက်နှင့် EITI အကောင်အထည်ဖော်ဆောင်မှုအတွက် (၅) ချက် ပါဝင်သည်။
(သစ်တောအစီရင်ခံစာအပြည့်အစုံကို www.myanmareiti.org တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။)

**ရှေ့လုပ်ငန်းစဉ်**

ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ EITI အစီရင်ခံစာတွင် သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများအပါအဝင် ရေနံနှင့် သဘာဝဓါတ်ငွေ့၊ ကျောက်မျက်ကျောက်စိမ်း၊ သတ္တု နှင့် ပုလဲကဏ္ဍတို့သာမက သစ်တောကဏ္ဍ (၂၀၁၆-၂၀၁၇ နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) များလည်း လွှမ်းခြုံပါဝင်သွားမည်။

သစ်တောကဏ္ဍအစီရင်ခံစာအတွက် ဆက်သွယ်မေးမြန်းလိုပါက

၁။ **ဦးစိုးရီ**
လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း
MEITI – MSG အစိုးရကိုယ်စားလှယ်
ဖုန်း - ၀၉ ၅၁၃၂၂၄၂ နှင့် အီးမေးလ် - soeyee.mte@gmail.com

၂။ **ဒေါက်တာစိန်ဝင်း**
ဥက္ကဌ၊ မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များအသင်းချုပ်
MEITI – MSG လုပ်ငန်းရှင်ကိုယ်စားလှယ်
ဖုန်း - ၀၉၄၅၀၀၁၅၄၇၆ နှင့် အီးမေးလ် - drseinwin.sw@gmail.com

၃။ **ဒေါ်မိုးမိုးထွန်း**
Steering Committee Member ၊ မြန်မာနိုင်ငံပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ဆိုင်ရာ အရပ်ဘက်မဟာမိတ်အဖွဲ့ (MATA)
MEITI – MSG အရပ်ဘက်အဖွဲ့အစည်းကိုယ်စားလှယ်)
ဖုန်း - ၀၉၅၀၇၇၆၄၀ နှင့် အီးမေးလ် - moe2tun@gmail.com

မြန်မာနိုင်ငံ EITI အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ထပ်မံသိရှိလိုပါက www.myanmareiti.org သို့လည်းကောင်း၊ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံးသို့ ဖုန်း - ၀၉၄၀၀၈၈၈၁၂၃ နှင့် အီးမေးလ် - communication@myanmareiti.org ဖြင့်လည်းကောင်း ဆက်သွယ်လေ့လာနိုင်ပါသည်။